၂၄။ ပါတီဝင်များလိုက်နာရမည့် စည်းကမ်းများကို ထိရောက်စွာ ကြပ်မတ်စောင့်ထိန်းနိုင်ရန် ပါတီဗဟိုကော်မတီ သည် လိုအပ်သော သီးခြား ပြဋ္ဌာန်းချက်များထုတ်၍ အနီးကပ်ဆုံးညီလာခံသို့ တင်ပြအတည်ပြုချက် ရယူကျင့်သုံး နိုင်သည်။

## အခန်း(၇)

## ပါတီ ဖွဲ့စည်းတည်ဆောက်ပုံ

၂၅။ ဤပါတီ၏ ဖွဲ့စည်းတည်ဆောက်မှုသည် စစ်မှန်သည့် ဒီမိုကရေစီကျင့်စဉ်ကို အခြေပြုထားသည်။ ပြည်သူများသည် မိမိတို့၏ ကံကြမ္မာကို မိမိတို့ ကိုယ်တိုင် ပါဝင်စီမံ ဖန်တီးပိုင်ခွင့်ရရှိသော စနစ်ဖြစ်သည်။ ပါတီအဖွဲ့အစည်း အဆင့်ဆင့်သည် အပြန်အလှန်အစီရင်ခံခြင်း၊ ဆန္ဒပေးခြင်း၊ ဆန္ဒရယူခြင်း၊ ဆန္ဒသဘောထားကို အလေးဂရုပြုခြင်း၊ စုပေါင်း ဦးဆောင်စုပေါင်းဆွေးနွေးပြီး စုပေါင်း ဆုံးဖြတ်ချက်များကို အားလုံးလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၊ အထက်အဖွဲ့အစည်း သည် အောက်အဖွဲ့အစည်းများအပေါ်တွင် ပါဝါပန်ယူပြီး အောက်အဖွဲ့အစည်းများသည်လည်း အထက်အဖွဲ့အစည်းများကို တာဝန်ခံရပေသည်။

၂၆။ ဤပါတီ သည် မိမိတို့၏ ရည်မှန်းချက် လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပါတီဖွဲ့စည်းတည်ဆောက်မှုကို အောက်ပါအတိုင်း ဖွဲ့စည်းသည်။

(က) ပါတီညီလာခံ

(ခ) နာယက

(ဂ) ပါတီဗဟိုကော်မတီဝင်
(ဃ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ
(င) ပါတီဗဟိုခွဲ (သို့မဟုတ်) ခရိုင်ပါတီကော်မတီ
(စ) မြို့နယ်ပါတီကော်မတီ
(ဆ) ရပ်ကွက်/ကျေးရွာအုပ်စုပါတီကော်မတီ

**ပါတီညီလာခံ**

၂၇။ ပြည်သူ့ဗဟိုပြုစနစ်ဖြင့် ပါတီတစ်ရပ်လုံး၏ အချုပ်အခြာလုပ်ပိုင်ခွင့်အာဏာသည် ပါတီညီလာခံ၌ တည်သည်။ ယင်းညီလာခံကို အောက်ခြေမြို့နယ်အသီးသီးမှ ပါတီဝင်အင်အား အနည်းအများအပေါ်မူတည်၍ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၂၈။ ပါတီညီလာခံ၏ သက်တမ်းသည် ယင်းညီလာခံအစည်းအဝေး ကျင်းပသည့် နေ့မှစ၍ သာမာန်အားဖြင့် ငါးနှစ်ဖြစ်သည်။

၂၉။ ပါတီညီလာခံ ၏ အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် သက်တမ်းတစ်ခုမှာ အနည်းဆုံးသုံးကြိမ် ကျင်းပရမည်။ အရေးပေါ် ပါတီညီလာခံကို ညီလာခံ ကိုယ်စားလှယ်ဦးရေ ၇၅ ရာခိုင်နှုန်း ၏ သဘောတူညီချက်ဖြင့် ခေါ်ယူ ကျင်းပ နိုင်သည်။ အထူးအစည်းအဝေးကို ပါတီဗဟိုကော်မတီဝင်ဦးရေ ၅၀ ရာခိုင်နှုန်း ကျော်ဖြင့် ခေါ်ယူကျင်းပပြီး အနီးစပ်ဆုံး အစည်းအဝေး တွင် အတည်ပြုချက် ရယူရမည်။

၃၀။ သာမန်ညီလာခံအစည်းအဝေးကို ပါတီဗဟိုကော်မတီဝင်များ၏ ဆုံးဖြတ်ချက်ဖြင့် ရက်ပေါင်း (၃၅)ရက် ကြိုတင် အသိပေး အကြောင်းကြားပြီး ခေါ်ယူကျင်းပရမည်။

၃၁။ ပါတီညီလာခံ ၏ သက်တမ်းအတိုးအလျှော့ကို ညီလာခံ ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းဖြင့် ဆုံးဖြတ်ရမည်။

၃၂။ မြို့နယ်ပါတီကော်မတီ၏ သက်တမ်းကို ညီလာခံကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်နိုင်သည်။သာမန်အားဖြင့် ညီလာခံ သက်တမ်းနှင့်အညီ ဖြစ်သည်။

၃၃။ ပါတီညီလာခံ ကျင်းပရေးကို ပါတီဗဟိုကော်မတီ က ညီလာခံကိုယ်စားလှယ်တာဝန်ယူဆောင်ရွက်ရန် အနီးစပ်ဆုံး ညီလာခံ အစည်းအဝေး ၏ အတည်ပြုချက် ရယူရမည်။ ပါတီဗဟိုကော်မတီ ဖွဲ့စည်းထားခြင်း မရှိသေးပါက သီးခြားကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၄။ ပါတီညီလာခံ ကျင်းပရေး ကော်မရှင် သို့မဟုတ် ယင်းက တာဝန်ပေးသော ကော်မတီ သည် အခြေခံ မှ ပါတီဗဟိုအထိ အဆင့်ဆင့်သော ပါတီအဖွဲ့အစည်းများ ရွေးချယ်တင်မြောက်ပွဲကိစ္စ နှင့် စပ်လျဉ်း၍ မကျေနပ်ချက်များ၊ ကန့်ကွက်ချက်များ တင်ပြလာလျှင် တည်ဆဲပါတီစည်းမျဉ်းစည်းကမ်း အရ မှန်ကန်ညီညွတ်မှုတမှု မရှိပါက ပါတီဝင်တို့၏ ပိုင်ခွင့်ရုပ်သိမ်းခြင်း၊ ရွေးချယ်ခံရသူအား တရားဝင် သို့မဟုတ် တရားမဝင် သို့မဟုတ် ရွေးကောက် ပွဲကို တရားဝင် (သို့မဟုတ်) တရားမဝင် အဖြစ် အတည်ပြု ပယ်ဖျက်ခြင်း များ ဆုံးဖြတ် အတည်ပြုနိုင်သည်။

၃၅။ ပါတီညီလာခံ တွင် အောက်ပါကိစ္စရပ်များကို ချမှတ်ဆောင်ရွက်ရမည် -

(က) ပါတီတစ်ရပ်လုံး ၏ အခြေခံမူဝါဒ၊ လမ်းစဉ်များ ချမှတ်ရမည်။

(ခ) ဗဟိုကော်မတီ က တင်သွင်းသော အစီရင်ခံစာများကို

ကြားနာခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အကြံပြုခြင်း နှင့် အတည်ပြုခြင်း တို့ကို ဆောင်ရွက်ရမည်။

(ဂ) ဗဟိုကော်မတီတွင် ပါဝင်ရမည့် အနည်းဆုံး နှင့် အများဆုံး လိုအပ်သော ကော်မတီဝင်ဦးရေကို သတ်မှတ်ပေးရမည်။

(ဃ) ပါတီညီလာခံတွင် ဗဟိုကော်မတီ ကို ရွေးချယ်တင်မြှောက်ရမည်။

( င) အမျိုးသားရေး နှင့် ပါတီအကျိုးအတွက် ထူးခြားသော အခြေအနေများ ပေါ်ပေါက်လျှင် အရေးပေါ် ပါတီညီလာခံ ကို ခေါ်ယူ၍ ကိုယ်စားလှယ်များ၏ ၃ ပုံ ၂ ပုံ ဖြင့် လိုအပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

( စ) အရေးပေါ်ညီလာခံ ကို ကိုယ်စားလှယ်များ တောင်းဆိုလာပါက ရက်ပေါင်း (၃၀) အတွင်း ခေါ်ယူကျင်းပပေးရမည်။

၃၆။ ပါတီညီလာခံတွင် ပါတီညီလာခံသို့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ၏ ၃ ပုံ ၂ ပုံ တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၃၇။ ပါတီညီလာခံသို့ တက်ရောက်ခွင့်ရှိပြီး ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် သာမန်ကိစ္စရပ်များကို ဆုံးဖြတ်အတည်ပြုနိုင်သည်။

**နာယက**

၃၈။ ပါတီအဖွဲ့အစည်း အဆင့်ဆင့်ကို အနီးကပ် နှင့် အစဉ်အမြဲ ကြီးကြပ်ကွပ်ကဲ ဦးဆောင်လမ်းညွှန်မှု ပေးရန် နာယက (သို့မဟုတ်) နာယကများကို

ညီလာခံသို့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်များက လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ် သတ်မှတ်ပေးရမည်။

၃၉။ ပါတီတစ်ရပ်လုံးနှင့် ညီလာခံ ကိုယ်စားလှယ်များတို့၏ နာယက (သို့မဟုတ်) နာယကများဖြစ်ကြသည်။ ယင်းတို့၏ လုပ်ငန်း တာဝန်များကို ညီလာခံက သတ်မှတ်ပေးရမည်။

**ပါတီဗဟိုကော်မတီ**

၄၀။ ဤကော်မတီ သည် ပါတီညီလာခံကို တာဝန်ခံရမည်။ ပါတီညီလာခံက သတ်မှတ်ပေးသောဦးရေဖြင့် ဖွဲ့စည်းရမည်။ ဤဖွဲ့စည်းပုံ အရ ပါတီဗဟိုကော်မတီကို (၂၃)ဦးဖြင့် သတ်မှတ်ဖွဲ့စည်းရမည်။ ညီလာခံ တစ်ခုနှင့် တစ်ခု အကြားတွင် အောက်ပါ တာဝန်များကို ညီလာခံက ချမှတ် ဆုံးဖြတ်ထားသော မူဘောင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) ပါတီညီလာခံက သတ်မှတ်ပေးအပ်သော တာဝန်များကို ပါတီ ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ထမ်းဆောင်ရမည်။ ယင်းသို့ ထမ်းဆောင်သည်ကို အနီးကပ်ဆုံး ပါတီညီလာခံသို့ တင်ပြအတည်ပြုချက် ရယူရမည်။

(ခ) ပါတီ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လိုအပ်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်း နှင့် လုပ်ထုံးလုပ်နည်းများတို့ကို ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း မူဘောင်အတွင်း၌ သတ်မှတ်နိုင်သည်။ ယင်းသို့ သတ်မှတ်ချက်များကို အနီးကပ်ဆုံး ပါတီညီလာခံတွင် အတည်ပြုချက် ရယူရမည်။

(ဂ) ပါတီအဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းတည်ဆောက်မှု၊ ကျစ်လျစ်ခိုင်မာရေး၊ သဘောတရား ခံယူကျင့်သုံးမှုတိုးတက်မြင့်မားရေး နှင့်ပါတီ၏ စည်းရုံးရေး လုပ်ငန်းများ အမြဲ

ရှင်သန်ထက်မြက် သွက်လက်နေရေးတို့ကို စီမံချက်များ ရေးဆွဲချမှတ်ပေးရမည်။

(ဃ) ပါတီဝင်အဖြစ် အသက်(၁၈)နှစ်ပြည့်ပြီး အရည်အချင်းရှိ အရွယ်ရောက်သူတိုင်း ပါတီဝင်များ ဖြစ်လာစေရေးအတွက် စည်းရုံးသိမ်းသွင်းနိုင်ရန် စီမံဆောင်ရွက်ရမည်။

( င) ပါတီ၏ အရန်အင်အားဖြစ်သည့် လူငယ်များကို အမျိုးသား စိတ်ဓါတ်ရှိလာစေပြီး ပါတီအား ယုံကြည်အားကိုးလာစေ ရေး အတွက် စည်းရုံးရေးအစီအစဉ်များ ချမှတ်ဆောင်ရွက် ရမည်။

( စ) အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိရောက်အောင် မြင်မှုရရှိစေရေးအတွက် စည်းရုံး ဦးဆောင်ရမည့် နည်းဗျူဟာများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက် ရမည်။

(ဆ) ပညာရေး၊ ကျန်းမာရေး နှင့် တိုင်းရင်းသားများ၏ စာပေ ယဉ်ကျေးမှုများဆိုင်ရာ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ခေတ်မီစေရေးအတွက် လုပ်ငန်းစီမံချက်များ ချမှတ်ကာ ဆောင်ရွက်ရမည်။

(ဇ) နိုင်ငံတော်တည်ဆောက်ရေး နှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် ပြည်ထောင်စုမပြိုကွဲရေး ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် နိုင်ငံတော်အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ပြည်သူတစ်ရပ်လုံး ပါဝင် လာရေးအတွက် စည်းရုံးဦးဆောင်ရမည်။

(ဈ) ပါတီဗဟိုကော်မတီသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ လိုအပ်သော လုပ်ထုံးလုပ်နည်း၊ နည်းစနစ်များကို ရေးဆွဲချမှတ်ရန် အနီးကပ်ဆုံးညီလာခံ ၏ အတည်ပြုမှုရယူဆောင်ရွက်ရမည်။

(ည) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီအား အထောက်အကူပြုမည့် ပါတီဗဟိုရေးရာ ကော်မတီလုပ်ငန်းများကို ခွဲဝေသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံချက်ချမှတ်ရမည်။

(ဋ) ပါတီတစ်ရပ်လုံး၏ ရန်ပုံငွေ ရရှိရေး နှင့် ရရှိသောဘဏ္ဍာငွေများအား ပါတီအဆင့်ဆင့် အတွက် ခွဲဝေသတ်မှတ်ဆောင်ရွက်ခြင်းများပြုလုပ်ရမည်။

(ဌ) ပါတီဗဟိုကော်မတီအစည်းအဝေးကို (လေး)လလျှင် တစ်ကြိမ်ဖြင့် အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ဍ) ပါတီဗဟိုကော်မတီ အစည်းအဝေးတွင် ပါတီဗဟိုကော်မတီ (၃)ပုံ (၂)ပုံ တက်ရောက်မှ အစည်းအဝေး အထမြောက်သည်။

(ဎ) ပါတီဗဟိုကော်မတီ ၏ အရေးပေါ်အစည်းအဝေးကို ကော်မတီထက်ဝက်ကျော်တို့က တောင်းဆိုလျှင် ပါတီဗဟိုအမှုဆောင် ကော်မတီက ရက်ပေါင်း (၃၀)အတွင်း ခေါ်ယူကျင်းပရမည်။

**ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ**

၄၁။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီဗဟိုကော်မတီကို

စုပေါင်းတာဝန်ခံရမည်။ ပါတီဗဟို အလုပ်အမှုဆောင် ကော်မတီဦးရေကို ညီလာခံ က သတ်မှတ်ပေးရမည်။ ဤဖွဲ့စည်းပုံအရ ပါတီဗဟိုအလုပ် အမှုဆောင် ကော်မတီကို (၁၇)ဦးဖြင့် ဖွဲ့စည်းရမည်။ ပါတီဗဟိုကော်မတီ အစည်းအဝေး တစ်ခုနှင့် တစ်ခု အကြားတွင် ပါတီဗဟိုကော်မတီ က လွှဲအပ်ထားသော လုပ်ပိုင်ခွင့်များနှင့်အညီ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(က) ပါတီဗဟိုကော်မတီအစည်းအဝေးက ဆုံးဖြတ်ချက် ချမှတ်ခဲ့သော နိုင်ငံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ပါတီအဖွဲ့အစည်း အဆင့်ဆင့်တွင် ပါတီဝင်များက အကောင်အထည်ဖော်ရန် လမ်းညွှန်ခြင်း။

( ခ) ပါတီ အောက်ခြေအဖွဲ့အစည်းများ ကျစ်လျစ်ခိုင်မာပြီး စည်းလုံးညီညွတ်ရေး အတွက် လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ခြင်း။

( ဂ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ အား အထောက်အကူပြုနိုင်ရန် ပါတီဗဟိုကော်မတီဝင်များထဲမှ တာဝန်ခွဲဝေပေးခြင်း။

(ဃ) ပါတီလုပ်ငန်းများကို တွင်ကျယ်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပါတီဗဟိုရေးရာ ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးခြင်း။

( င) ပါတီဝင်များ ပါတီစည်းကမ်းများကို စနစ်တကျ လိုက်နာထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ်ဆောင်ရွက်ခြင်း။

(စ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ပုံမှန် အစည်းအဝေးကို တစ်လလျှင် နှစ်ကြိမ် နှင့် အနည်းဆုံး တစ်ကြိမ် ပြုလုပ်ကျင်းပခြင်း။

(ဆ) ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီသည် ပါတီဗဟို ကော်မတီ၏ ကိုယ်စား ဆောင်ရွက်ချက်များကို ပါတီဗဟို ကော်မတီ ပုံမှန် အစည်းအဝေးတွင် အစီရင်ခံခြင်း၊ အတည်ပြုချက်ရယူခြင်း။

(ဇ) ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီကို ပါတီဗဟို ကော်မတီဝင်များက ညီလာခံက သတ်မှတ်ပေးသော ဦးရေ နှင့်အညီလျှို့ဝှက်ဆန္ဒမဲဖြင့် အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်းခြင်း။

(ဈ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပါတီဗဟို ကော်မတီဝင်များက ညီလာခံက သတ်မှတ်ပေးသော ဦးရေ နှင့်အညီလျှို့ဝှက်ဆန္ဒမဲဖြင့် အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်းခြင်း-

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ | ၁ ဦး |
| (၂) | ဒု-ဥက္ကဋ္ဌ | ၂ ဦး |
| (၃) | အထွေထွေအတွင်းရေးမှူး | ၁ ဦး |
| (၄) | တွဲဘက်အထွေထွေအတွင်းရေးမှူး | ၂ ဦး |
| (၅) | အတွင်းရေးမှူး | ၃ ဦး |
| (၆) | ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ | ၈ ဦး |

**ပါတီဗဟိုခွဲ (သို့မဟုတ်) ခရိုင်ပါတီကော်မတီ**

၄၂။ ယင်းကော်မတီများကို ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီက ပါတီဗဟို ကော်မတီ ၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးရမည်။

မြို့နယ်ပါတီကော်မတီ

၄၃။ ဤကော်မတီသည် ပါတီဗဟိုကော်မတီ ၏ ခြေ၊ လက်၊ နား၊ မျက်စိ ဖြစ်သည်။ ပါတီအောက်ခြေအဆင့်ဆင့်ကို စုစည်း၍ အနီးကပ်ကြီးကြပ်ကွပ်ကဲသော ပါတီအဖွဲ့အစည်းဖြစ်သည်။ ယင်းကော်မတီ များကို ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ က ပါတီဗဟိုကော်မတီတစ်ဦး၏ ဦးဆောင်မှုဖြင့် ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး အောက်ပါအတိုင်း လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးရမည် -

(က) မြို့နယ်ပါတီကော်မတီ ကို ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ရှိ ပါတီဝင်များထဲမှ ဖွဲ့စည်းပုံပါ သတ်မှတ်ချက် အရေ အတွက် ဖြင့်ဖွဲ့စည်းရမည်။ ယင်းကော်မတီကို မြို့နယ် ညီလာခံတွင် လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တာဝန်ပေးရမည်။

(ခ) ဤကော်မတီ ၏ သက်တမ်းသည် ညီလာခံ ၏ သက်တမ်း နှင့် အညီ ဖြစ်သည်။

(ဂ) မြို့နယ်ပါတီကော်မတီကမှ မြို့နယ်ပါတီ အလုပ်အမှုဆောင် ကော်မတီကို (၅)ဦး သို့မဟုတ် (၇)ဦးကိုရွေးပြီး ယင်းတို့ အထဲမှ လျှို့ဝှက် ဆန္ဒမဲဖြင့် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ နှင့် အတွင်း ရေးမှူး၊ တွဲဘက် အတွင်းရေးမှူးများ ကိုပါ ရွေးချယ် တင်မြှောက် ရမည်။ ရွေးကျန်သည် မြို့နယ်ပါတီ အလုပ် အမှုဆောင်ကော်မတီ ဖြစ်သည်။

(ဃ) မြို့နယ်ပါတီကော်မတီ ၏ ဦးရေ သတ်မှတ်ဖွဲ့စည်းခြင်း နှင့် ရွေးချယ်မည့် လုပ်ထုံးလုပ်နည်းများကို ပါတီဗဟိုအလုပ်အမှု ဆောင် ကော်မတီက ပါတီဗဟိုကော်မတီ၏ အတည်ပြု ချက်ဖြင့် သတ်မှတ်ပေးရမည်။

(င) မြို့နယ်ပါတီအလုပ်အမှုဆောင်ကော်မတီ သည် မြို့နယ်ပါတီ

ကော်မတီကိုယ်စား မိမိတို့ မြို့နယ် စည်းရုံးရေးနယ်နိမိတ် အတွင်းဖြစ်ပေါ်လာသော နိုင်ငံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဤပါတီ ဖွဲ့စည်းပုံ မူဝါဒ လမ်းစဉ်နှင့်အညီ လွတ်လပ်စွာ ဆုံးဖြတ်ဖြေရှင်းဆောင်ရွက်နိုင်ခွင့် ရှိသည်။

(စ) မြို့နယ်ပါတီအလုပ်အမှုဆောင်ကော်မတီ သည် အထက်ပါ အပိုဒ် (င)အရ ကိုယ်တိုင် မဆုံးဖြတ်နိုင်သော ကိစ္စရပ်များကို ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီသို့ အကြောင်းကိစ္စ စုံလင်စွာဖြင့် အချိန်မီ တင်ပြ လမ်းညွှန်မှု ရယူရမည်။

(ဆ) မြို့နယ်ပါတီအလုပ်အမှုဆောင်ကော်မတီ သည် အောက်ခြေပါတီဝင်များနှင့် တစ်သားတည်းရှိ၍ ပြည်သူများ၏ခံစားချက်များ၊ အခက်အခဲ များသဘောထားဆန္ဒများကို မျက်ခြေမပြတ် လေ့လာသိရှိပြီး ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ သို့ အချိန်မှန်မှန် နှင့် အချိန်မီ အစီရင်ခံရမည်။

(ဇ) မြို့နယ်ပါတီကော်မတီ (သို့မဟုတ်) အလုပ်အမှုဆောင်ကော်မတီ ၏ လုပ်ငန်းတာဝန်များကို နောက်ဆက်တွဲ(က) ဖြင့် နောက်ဆုံးတွင် ပူးတွဲထားသည်။

(ဈ) မြို့နယ်ပါတီအလုပ်အမှုဆောင်ကော်မတီ၏ ပုံမှန် အစည်းအဝေး ကို တစ်လနှစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ လိုအပ်လျှင်လိုအပ်သလို ကျင်းပပြုလုပ်ရမည်။

**ရပ်ကွက်/ကျေးရွာအုပ်စုပါတီကော်မတီ**

၄၄။ ယင်းကော်မတီ ကို ရပ်ကွက်/ကျေးရွာအုပ်စုပါတီဝင်အင်အား အနည်းအများပေါ်မူတည်ပြီး ကော်မတီဝင်ဦးရေ ကို ရပ်ကွက်/ကျေးရွာ

အုပ်စုအတွင်းရှိ ပါတီဝင်များ၏ အင်အားအပေါ် အခြေခံ၍ အောက်ပါ အတိုင်း သတ်မှတ်ဖွဲ့စည်းရမည်။

(က) ရပ်ကွက်/ကျေးရွာအုပ်စုတစ်စုတွင် ရပ်ကွက်/ကျေးရွာ အုပ်စုပါတီကော်မတီ တစ်ခု ဖွဲ့စည်းရမည်။

(ခ) ရပ်ကွက်/ကျေးရွာအုပ်စုပါတီ ကော်မတီတွင် ရပ်ကွက်/ ကျေးရွာ အုပ်စုပါတီ ကော်မတီခေါင်းဆောင် နှင့် ဒုတိယ ခေါင်းဆောင်၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်နှစ်ဦး(သို့မဟုတ်) ရပ်ကွက်/ကျေးရွာအုပ်စု လူဦးရေပေါ် အခြေခံပြီး တိုးဖွဲ့ နိုင်သည်။

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စုပါတီကော်မတီ ၏ သက်တမ်း သည် (၂)နှစ် ဖြစ်ရမည်။ ယင်းသက်တမ်းတွင် ယင်း ကော်မတီဝင်များကို ပါတီဝင်များက ရွေးချယ်တင်မြှောက် ရမည်။ ယင်းတို့၏ လုပ်ငန်းတာဝန်များကို ပါတီဗဟိုအလုပ် အမှုဆောင်ကော်မတီ က မြို့နယ်ပါတီကော်မတီမှတဆင့် ချပေးရမည်။

(ဃ) ရပ်ကွက်/ကျေးရွာအုပ်စု ပါတီကော်မတီ ၏ ပုံမှန်အစည်း အဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပရမည်။ လိုအပ်လျှင် လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

**ပါတီအတိုင်ပင်ခံအဖွဲ့**

၄၅။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ သည် ပါတီလုပ်ငန်းများ ဆိုင်ရာ မူဝါဒများ နှင့် လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်ရာ၌ ပီပြင်မှု နှင့် သွက်လက် ထက်မြက်မှု ကျယ်ပြန့်မှု ရှိစေရေးအတွက် ပါတီဝင် မဟုတ်သော အများပြည်သူ ကြည်ညိုလေးစားသည့် သြဇာသိက္ခာရှိသူ ပုဂ္ဂိုလ်များ နှင့် ခေတ်ရေစီးနောက်မီ အတွေ့အကြုံရှိသူများဖြင့် လိုအပ်သော

ဦးရေကို ဖွဲ့စည်း၍အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) ပါတီအတိုင်ပင်ခံအစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီ ၏ သဘောတရားများ တင်ပြခြင်း။

(ခ) ပါတီ အတိုင်ပင်ခံ အစည်းအဝေးတွင် ဆွေးနွေးတင်ပြ ကြားနာခြင်း

(ဂ) ပါတီအတိုင်ပင်ခံ အစည်းအဝေး၌ ဆွေးနွေးတင်ပြညှိနှိုင်း ရရှိချက်များကို အခြေခံလျက် လိုအပ်သော ဆုံးဖြတ်ချက်၊ လမ်းညွှန်ချက်၊ ညွှန်ကြားချက်များ ချမှတ်ခြင်း။

(ဃ) ပါတီအတိုင်ပင်ခံအစည်းအဝေး ကျင်းပပုံ နည်းစနစ်များ ကို ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီက သီးခြားညှိနှိုင်း ချမှတ်ရမည်။

(င) ပါတီအတိုင်ပင်ခံ အစည်းအဝေးကို ပါတီ ဗဟိုအလုပ် အမှုဆောင် ကော်မတီကသော်လည်းကောင်း၊ ပါတီ အတိုင်ပင်ခံ အဖွဲ့က သော်လည်းကောင်း လိုအပ်သလို ညှိနှိုင်း ခေါ်ယူကျင်းပ နိုင်သည်။

**ပါတီဖွဲ့စည်းပုံဇယား**

၄၆။ ဤပါတီ၏ ဖွဲ့စည်းပုံဇယား သည် ပြည်သူဗဟိုပြု စနစ်ဖြင့် နောက်ဆက်တွဲပါအတိုင်း ဖြစ်သည်။

## အခန်း(၈)
## ပါတီ၏ လူငယ်အဖွဲ့အစည်း

၄၇။ ပါတီဗဟိုကော်မတီ သည် အနာဂါတ်ခေါင်းဆောင်များဖြစ်ကြမည့် လူငယ်များအား ဘက်စုံခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ ဖွဲ့နိုင်သည်။ ယင်းသို့ ဖွဲ့စည်းခြင်းကို အနီးဆုံး ပါတီ

ညီလာခံသို့ တင်ပြအတည်ပြုချက် ရယူရမည်။ အသက်(၁၄)နှစ် ပြည့်ပြီးသူ လူငယ်များကို ပါတီ၏ အရန်အင်အားအဖြစ် သတ်မှတ်စုစည်းရမည်။

## အခန်း (၉)
## ပါတီ၏ လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် လုပ်ပိုင်ခွင့်များ

၄၈။ ပါတီဗဟိုကော်မတီသည် ဤဖွဲ့စည်းပုံအရ လိုအပ်သော လုပ်ထုံး လုပ်နည်းများ၊နည်းစနစ်များကို ထုတ်ပြန်ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ချက်များနှင့် အခြားလိုအပ်သော ထုတ်ပြန်ချက် များကို အနီး ကပ်ဆုံးပါတီညီလာခံသို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း (၁၀)
## ပါတီဝင်များအား ချီးမြှောက်ခြင်း

၄၉။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသည် နိုင်ငံတော် နှင့် ပါတီ အကျိုးစီးပွားအတွက် စွန့်လွှတ်စွန့်စား ထူးချွန်စွာ တာဝန်ထမ်းဆောင်သော ပါတီအဖွဲ့အစည်း များ၊ ပါတီဝင်များကို ဂုဏ်ပြုချီးမြှင့် မှတ်တမ်းတင်နိုင်ရန် လိုအပ်သလို ဆောင်ရွက် နိုင်သည်။

## အခန်း(၁၁)
## ပါတီဝင်ကြေး နှင့် လစဉ်ကြေး

၅၀။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသည် လုပ်ငန်းတာဝန်များကို ထိရောက်အောင် မြင်စွာနှင့် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ လည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သော ပါတီဝင် ကြေး နှင့် လစဉ်ကြေးများကို ပါတီဝင်များ ၏ ဆန္ဒနှင့်အညီ သတ်မှတ် ကောက်ခံနိုင်သည်။ ယင်းသတ်မှတ်ချက်များကို အနီးကပ်ဆုံးပါတီ ညီလာခံ သို့ တင်ပြအတည်ပြုချက် ရယူရမည်။

ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီ သည် ဘဏ္ဍာရေး စည်းမျဉ်းများကို စနစ်တကျ ရေးဆွဲပြီး ပါတီရန်ပုံငွေများကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရမည်။ ငွေရေးကြေးရေး ရံပုံငွေများကို ဘဏ်တွင် စာရင်းဖွင့် သိမ်းထားရမည်။

## အခန်း (၁၂)

## အရေးယူခြင်း၊ အပြစ်ပေးခြင်းနှင့် အယူခံခြင်း

၅၁။ ပါတီဝင်တိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏ တရားဥပဒေ နှင့် ပါတီစည်းကမ်းအရပ်ရပ်ကို လိုက်နာရိုသေရမည့်တာဝန်ရှိသည်။ ပါတီဝင်တစ်ဦးသည် နိုင်ငံတော်၏ တရားဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဥပဒေအရ အရေးယူခြင်း ခံရမည့်အပြင် ပါတီစည်းကမ်းကို ကျူးလွန်ရာရောက်ပါက ပါတီစည်းကမ်းအရလည်း အရေးယူခြင်း ခံရ မည်။ ပါတီဝင်တစ်ဦးသည် ပါတီစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ပါတီ၏ ဆုံးဖြတ်ချက်ကို နာခံရမည်။

၅၂။ ပါတီဝင် တစ်ဦး သို့မဟုတ် ပါတီ အဖွဲ့အစည်းတစ်ခုအား အရေးယူရာ၌ အရေးယူဆောင်ရွက်ပုံ နည်းလမ်းများကို ယေဘုယျအားဖြင့် အောက်ပါမှုများအား အခြေခံရမည် -

(က) ပါတီ တွင် စစ်မှန်သည့် ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆောင်ရွက်ခြင်း။

( ခ) နိုင်ငံတော် ၏ တရားဥပဒေ နှင့် ပါတီ ၏ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ပါက ကျောသားရင်သား ခွဲခြားခြင်း၊ တာဝန်အနိမ့်အမြင့် ခွဲခြားခြင်း မရှိဘဲ ပြစ်မှု နှင့် အညီ ထိုက်သင့်သလို အရေးယူ အပြစ်ပေးခြင်း။

( ဂ) အပြစ်ပေးအရေးယူခြင်းသည် ပါတီဝင် တစ်ဦး အား

ကောင်းမွန်လာအောင် ဆုံးမပဲ့ပြင်သည့် သဘောသက်ရောက်စေခြင်း။

(ဃ) ပါတီဝင်များ ကျူးလွန်သော ပြစ်မှုများကို အပြစ်ပေးအရေးယူခြင်းသည် နိုင်ငံတော်၏ အကျိုး၊ ပါတီ၏ အကျိုး နှင့် အမျိုးသား၏ အကျိုးများကို မထိပါးစေရန် ကာကွယ်ဟန့်တားခြင်း။

(င) အရေးယူရာတွင် မှုခင်းအတိမ်အနက် အလိုက် တာဝန်မှ ခေတ္တရပ်ဆိုင်းထားရန် လိုအပ်ပါက ရပ်ဆိုင်းထားခြင်း။

(စ) ပါတီဝင်တစ်ဦး၏ ကျူးလွန်သော ပြစ်မှုအလိုက် သတိပေးခြင်း၊ ပြင်းထန်စွာ သတိပေးခြင်း၊ တာဝန်မှ လျှော့ချခြင်း တာဝန်မှ ရုပ်သိမ်းခြင်း၊ ပါတီဝင်အဖြစ်မှရပ်စဲခြင်း နှင့် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းစသော ပြစ်ဒဏ်များ ပေးခြင်း။

(ဆ) ပြစ်မှုအရ အရေးယူအပြစ်ပေးခြင်း ခံရ၍ မကျေနပ်ပါက ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ မှ တစ်ဆင့် ဗဟိုကော်မတီသို့ အယူခံပိုင်ခွင့်ရှိသည်။ ပါတီဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မကျေလည်သေးပါက အနီးစပ်ဆုံး ပါတီညီလာခံသို့တင်ပြအဆုံးအဖြတ်ရယူ၍ ယင်းညီလာခံ ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

(ဇ) အပြစ်ပေးစီရင်ခြင်း ခံရသော ပါတီဝင်များအား ပြန်လည် တာဝန်ပေးအပ်ခြင်းအား ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီက လုပ်ထုံးလုပ်နည်းများ ရေးဆွဲ၍ ပါတီဗဟို ကော်မတီမှတဆင့် အနီးစပ်ဆုံး ပါတီညီလာခံ၏ အဆုံးအဖြတ်အတည်ပြုချက်ရယူခြင်း။

# အခန်း (၁၃)

## ပါတီဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း ပြင်ဆင်ခြင်း

၅၃။ ခေတ်ရေစီးကြောင်း၏ ပြောင်းလဲနေသော ကာလဒေသ အခြေအနေအရ နိုင်ငံတော်အကျိုး၊ အမျိုးသားအကျိုး နှင့် ပါတီ အကျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက ပြင်ဆင်ဖြည့်စွက်နိုင်သည်။ ယင်းသို့ ပြင်ဆင်ခြင်းကို အောက်ပါနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည် -

(က) ပြင်ဆင်ချက်များကို ပါတီညီလာခံ မကျင်းပမီ ရက်ပေါင်း အနည်းဆုံး (၁၅)ရက်ထက် မနည်း ကြိုတင်ပြုစုထားပြီး ဖြစ်ရမည်။


( ခ) သာမန်ပြင်ဆင်ချက်များကို ညီလာခံ တက်ရောက်ခွင့်ရှိပြီး ပါတက်ရောက်လာသော ညီလာခံ ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော်မဲဖြင့် ဆုံးဖြတ်အတည်ပြုရမည်။

(ဂ) မူဝါဒရေးရာကိစ္စရပ်များအတွက် အဆုံးအဖြတ်ရယူရာ၌ အစည်းအဝေး တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များ ၇၅ ရာခိုင်နှုန်း ၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုချက် ရယူရမည်။

### အထွေထွေ

၅၄။ ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းသည် ပါတီအတွက် အမှန်လိုအပ်၍ ပါတီဝင်များ နှင့် ပါတီအဖွဲ့အစည်းတစ်ရပ်လုံး၏ လုပ်ငန်းလမ်းညွှန် ဖြစ်ပေသည်။ ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သည် ပြည့်စုံလုံလောက်မှု မရှိသေးပါ။ ပို၍ ပို၍ ပြည့်စုံကောင်းမွန်လာစေရေးအတွက် ပါတီဝင်များမှ တစ်တပ်တစ်အား ပါဝင်အကြံကောင်းများ ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

## 'ဝ'အမျိုးသားပါတီ
## ဖွဲ့စည်းပုံဇယား



## " နောက်ဆက်တွဲများ "

ဤပါတီ၏ ဖွဲ့စည်းပုံ နှင့် အခြေခံစည်းမျဉ်းတွင် ပါရှိသော မြို့နယ်ပါတီ အလုပ်အမှုဆောင်ကော်မတီ ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များကိုသိရှိနိုင်ရန် နောက်ဆက်တွဲ(က)တွင်လည်းကောင်း၊ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ နှင့် လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲ(ခ)တွင်လည်းကောင်း၊ ပါတီဗဟိုကော်မတီ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲ(ဂ) တွင်လည်းကောင်း၊ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲ (ဃ)တွင်လည်းကောင်း၊ ပါတီဗဟိုအထွေထွေအတွင်းရေးမှူး ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲ (င) တွင် လည်းကောင်း အသီးသီး ဖော်ပြထားသည်။

နောက်ဆက်တွဲ(က)

**မြို့နယ်ပါတီအလုပ်အမှုဆောင်ကော်မတီ ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များ**

(က) ပါတီဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မတီ ကို ဦးဆောင်၍ အဖွဲ့ခေါင်းဆောင်၊ ဒု-ခေါင်းဆောင်နှင့် သင့်လျော်သောအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

(ခ) မြို့နယ်အတွင်း၏ စည်းရုံးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများကို ကူညီဆောင်ရွက်ရမည်။

(ဂ) ပါတီဝင်များ ပိုးပွားပေါများစေအောင် မှုမဖွဲ့စည်း၍ ကျစ်လစ်ခိုင်မာစွာ ရှိအောင် ဆောင်ရွက်ရမည်။

(ဃ) မြို့နယ်အတွင်း ဖြစ်ပေါ်တိုးတက်လာသော မြို့နယ်၏ စည်းရုံးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် လုံခြုံရေးလုပ်ငန်းကိစ္စရပ်များအား မျက်ခြေမပြတ် စောင့်ကြည့်လေ့လာပြီး ထူးခြားသောဖြစ်စဉ်များကို အလျဉ်းသင့်သလို ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ အချိန်မီတင်ပြအစီရင်ခံရမည်။

(င) အောက်ခြေအဆင့် ပါတီအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ဦးဆောင်ကြပ်မတ် လမ်းညွှန်ပေးရမည်။ ပါတီထုအတွင်း ဒီမိုကရေစီအလေ့အကျင့်များ နှင့် စီမံခန့်ခွဲမှု လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် လေ့ကျင့်ပညာပေးရမည်။

(စ) မြို့နယ်ပါတီအလုပ်အမှုဆောင် ၏ ပုံမှန်အစည်းအဝေးကို တစ်လတစ်ကြိမ် ပုံမှန်ပြုလုပ်ရမည်။

(ဆ) ပါတီအဆင့်ဆင့်၏ ပါတီလစဉ်ကြေးများ မှန်မှန်ပေးသွင်းရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဇ) မြို့နယ်ပါတီအလုပ်အမှုဆောင် ကော်မတီ၏ ပုံမှန်အစည်းအဝေး မှတ်တမ်းများ၊ မြို့နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေများတို့ကို ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ လစဉ်မှန်မှန် တင်ပြအစီရင်ခံရမည်။

**ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များ**

(က) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ ကို ပါတီဗဟိုကော်မတီဝင်ထဲမှ ပါတီညီလာခံတွင် ရွေးချယ်ခန့်အပ်သည်။

( ခ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ သည် ယင်းတို့အထဲမှ ပါတီဗဟို အလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌ နှင့် အထွေထွေအတွင်းရေးမှူး နှင့် အခြားအဆင့်များကို ရွေးချယ်ခန့်ထားရမည်။

( ဂ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ သည် ပါတီဗဟိုကော်မတီကို တာဝန်ခံရမည်။

(ဃ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ သည် ပါတီဗဟိုကော်မတီက ချမှတ် သော ပါတီမူဝါဒ နှင့် လုပ်ငန်းစီမံချက်များကို ပါတီအောက်ခြေအဖွဲ့အစည်း အဆင့်ဆင့် နှင့် ပါတီဝင်ထု တို့က အကောင်အထည် ဖော်ရန် ညွှန်ကြားခြင်း၊ ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ပြုလုပ်ရန် ဦးဆောင်လမ်းညွှန်ရမည်။

(င) အောက်ခြေပါတီအဖွဲ့အစည်းအဆင့်ဆင့်များက တင်ပြလာသော အစီရင်ခံစာများ နှင့် ထူးခြားသော ဖြစ်ရပ်များ အပေါ် လေ့လာစိစစ်ခြင်း ၊ သုံးသပ်ခြင်း၊ အဆုံးအဖြတ် ပေးခြင်းတို့ကို ပြုလုပ်ရမည်။ လိုအပ်သော လမ်းညွှန်မှု ပေးရမည်။ ထိုကဲ့သို့ ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ပါတီဗဟိုကော်မတီ ပုံမှန် အစည်းအဝေးတွင် တင်ပြအစီရင်ခံပြီး အတည်ပြုချက် ရယူရမည်။

( စ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသည် လစဉ် ပုံမှန် အစည်းအဝေးကို အနည်းဆုံး တစ်လနှစ်ကြိမ် ကျင်းပပြုလုပ်ရမည်။

(ဆ) ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီသည် ပါတီဗဟိုကော်မတီအား တာဝန်ခံ သည့် အားလျော်စွာ လုပ်ငန်းဆောင်ရွက်ချက်များကို ပါတီညီလာခံတစ်ခု နှင့်တစ်ခု အကြား မိမိတို့ဆောင်ရွက်ချက်များကို စီရင်ခံတင်ပြ၍ အတည်ပြုချက် ရယူရန်။

(ဇ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီ၏ ပြည်တွင်းပြည်ပ ဆက်ဆံရေးလုပ်ငန်းများကို တာဝန်ခံဆောင်ရွက် ရမည်။ ၎င်းအပြင် ပြည်တွင်းပြည်ပသတင်း ဖြန့်ချိရေးလုပ်ငန်းကိစ္စအဝဝကိုလည်း တာဝန်ခံဆောင်ရွက်ရမည်။

(ဈ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ သည် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ညှိနှိုင်းပြီး လုပ်ငန်းလိုအပ်ချက်အရ ခန့်အပ်တာဝန်ပေးခြင်း၊ တိုးချဲ့ ဖွဲ့စည်းခြင်း၊ အင်အားတိုးခြင်း စသည့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို လိုအပ်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။ သို့သော် ဆောင်ရွက်ချက်များကို ပါတီဗဟိုကော်မတီ အနီးကပ်ဆုံး အစည်းအဝေးတွင် အတည်ပြုချက်ရယူရန်။

**ပါတီ ဗဟိုကော်မတီ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များ**

(က) ပါတီဗဟိုကော်မတီဝင်များကို ပါတီညီလာခံကိုယ်စားလှယ်များထဲမှ ညီလာခံအစည်းအဝေးက ဖွဲ့စည်းပုံပါအရေအတွက်ဖြင့် ရွေးချယ်ရမည်။

(ခ) ပါတီဗဟိုကော်မတီဝင်များထဲမှ ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းပုံပါအရေအတွက်ဖြင့် ရွေးချယ်ရမည်။

(ဂ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီထဲမှ ဖွဲ့စည်းပုံပါအရေအတွက်ဖြင့် ဥက္ကဋ္ဌ နှင့် ဒုဥက္ကဋ္ဌ-၁၊ ဒု-ဥက္ကဋ္ဌ-၂တို့ကို ရွေးချယ်ရမည်။ ထိုဥက္ကဋ္ဌများတို့သည် ညီလာခံကိုယ်စားလှယ်အားလုံး၊ ပါတီဝင်ထုနှင့် ပါတီဗဟိုကော်မတီတို့၏ ဥက္ကဋ္ဌ များလည်း ဖြစ်ကြသည်။

(ဃ) ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီသည် ယင်းအဖွဲ့အစည်း၏ အထွေထွေအတွင်းရေးမှူး နှင့် တွဲဘက်အထွေထွေအတွင်းရေးမှူး-၁၊ တွဲဘက်အထွေထွေအတွင်းရေးမှူး- ၂ တို့ကို ဖွဲ့စည်းပုံပါအရေအတွက် ဖြင့်ရွေးချယ်ရမည်။ ရွေးကျန်တို့သည် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဖြစ်သည်။ ထိုအထွေထွေအတွင်းရေးမှူး နှင့် တွဲဘက်အထွေထွေအတွင်းရေးမှူး-၁၊ တွဲဘက်အထွေထွေအတွင်းရေးမှူး -၂ တို့သည် ညီလာခံကိုယ်စားလှယ်အားလုံး ၊ ပါတီဝင်ထုနှင့် ပါတီဗဟိုကော်မတီတို့၏ အထွေထွေအတွင်းရေးမှူးများ ဖြစ်ကြသည်။ ကျန်ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ သည်လည်း အလားတူဖြစ်ကြသည်။

(င) ပါတီဗဟိုကော်မတီ သည် ပါတီလုပ်ငန်းများ နှင့် ပတ်သက်သည့် မူဝါဒ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ နှင့် စည်းကမ်း သတ်မှတ်ချက်များတို့ကို ရေးဆွဲထုတ်ပြန်ရာတွင် အနီးကပ်ဆုံး ညီလာခံတွင် တင်ပြအတည်ပြုချက် ရယူရမည်။

(စ) ပါတီဖွဲ့စည်းပုံအဆင့်ဆင့်၊ ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ သဘော တရား ခံယူချက် ကျင့်သုံးမှု တိုးတက်မြင့်မားရင့်ကျက်လာစေရေး နှင့် စည်းရုံးရေး လုပ်ငန်းများ အစဉ် ထက်မြက်သွက်လက်ရေးတို့ အတွက်လိုအပ်မည့် အစီအမံများ ရေးဆွဲချမှတ်ရန်။

(ဆ) ပါတီအဖွဲ့အစည်းအဆင့်ဆင့် တို့၏ဘဏ္ဍာရေး စည်းမျဉ်းများနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲ ချမှတ်ရမည်။

(ဇ) ပါတီဗဟိုကော်မတီ သည် ပါတီအဖွဲ့အစည်း အဆင့်ဆင့် အတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ သီးခြားထုတ်ပြန်ညွှန်ကြားနိုင်သည်။

(ဈ) ပါတီဗဟိုကော်မတီ၏ အစည်းအဝေးကို တစ်နှစ်တွင် (၄)လလျှင် တစ်ကြိမ် ကျင်းပရမည်။ အနည်းဆုံးတစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပ ရမည်။ လိုအပ်လျှင် ပါတီဗဟိုကော်မတီ အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

(ည) အကြောင်းအမျိုးမျိုးကြောင့် အစားထိုးတာဝန်ပေးအပ်ခြင်းခံရသူ ပါတီဝင်၏ ပါတီဝင်သက်တမ်းသည် မူလက တာဝန်ထမ်းဆောင်ခဲ့ရ သူ၏ ကျန်ရှိသက်တမ်းကာလအတိုင်း ဖြစ်သည်။

နောက်ဆက်တွဲ (ဃ)

## ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များ

(က) ပါတီ၏ စည်းရုံးရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး နှင့် လူမှုရေးကိစ္စရပ်အဝဝကို အစဉ်အမြဲ လေ့လာသုံးသပ်ပြီး ဦးဆောင်လမ်းညွှန်ပေးရမည်။

( ခ) ပါတီတွင်း စည်းလုံးညီညွတ်မှု အစဉ်ကျစ်လစ်ခိုင်မာတောင့်တင်းစေရန် မျက်ခြေမပြတ် တည်ဆောက်ရမည်။

( ဂ) ပါတီ၏ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ၊ ခိုင်မာရေး (ပါတီဝင်များ စိတ်ဓါတ်ကြံ့ခိုင်ရေး ၊ စည်းကမ်းတိုးတက်မြင့်မားရေးအတွက် အပြန်ပြန်အလှန်လှန် သုတေသန ပြုလုပ်ပြီး လိုအပ်သော အစီအမံများ ဆောင်ရွက်ရမည်။

(ဃ) ပါတီစည်းရုံးလှုပ်ရှားရေး၊ လေ့ကျင့်ပညာပေးရေး၊ စီမံခန့်ခွဲမှုလုပ်ငန်းများအပေါ် လမ်းညွှန်မှုပေး မဖော်ဆောင်ရမည်။

( င) ပါတီ၏ ဘဏ္ဍာရံပုံငွေ ရရှိရေး ၊ တောင့်တင်းခိုင်မာရေး နှင့် ယန္တရားများ မှန်ကန်မျှတစွာ လည်ပတ်စေရေးအတွက် အလုပ်အမှုဆောင်အဖွဲ့ နှင့် ညှိနှိုင်းပြီး ပါတီညီလာခံ၏ အတည်ပြုချက်ဖြင့် မူဝါဒများကို အခါအားလျော်စွာ ချမှတ်ပေးရမည်။ လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(စ) ပါတီ၏ စည်းရုံးရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုရမည်။

(ဆ) ပါတီဝင်များ တိုးတက်များပြားလာစေပြီး အရည်အချင်းရှိသောပါတီဝင်များ ဖြစ်ပေါ်လာအောင် ပညာပေး သင်တန်းများ၊ အခါအားလျော်စွာ ဆောင်ရွက်ပေးရမည်။

## ပါတီအထွေထွေအတွင်းရေးမှူး ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များ

(က) ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီ နှင့် ပါတီဗဟိုကော်မတီကို တာဝန်ခံရမည်။

( ခ) ဌာနချုပ်ရုံး၏ လုပ်ငန်းများ စနစ်တကျ လည်ပတ်မှု ရှိစေရေးအတွက် အနီးကပ်ကြီးကြပ်ဦးဆောင်လမ်းညွှန်မှုပေးရမည်။

( ဂ) ပါတီအဖွဲ့အစည်း အဆင့်ဆင့် ၏ ဖွဲ့စည်းမှုများ နှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ အခက်အခဲများ၊ ပြဿနာများကို စနစ်တကျ ကြပ်မတ်ဖြေရှင်း ညွှန်ကြားရမည်။

(ဃ) ပါတီဌာနချုပ်ရုံး၏ အရေးကြီး စက်ပစ္စည်းများ၊ စာချုပ်စာတမ်းများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများ၊ ကိရိယာများ၊ ပါတီနှင့် သက်ဆိုင်သောအခြားပရိဘောဂများ၊ စက်ယန္တရားများ၊ အဆောက်အဦများ၊ စနစ်တကျ ထိန်းသိမ်းစာရင်း ပြုစုထားရမည်။

(င) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ ဆုံးဖြတ်ချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်လျှင်နိုင်ငံတော်အဖွဲ့အစည်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းများ ဌာနဆိုင်ရာ အကြီးအကဲများ နှင့် ညှိနှိုင်း ဆက်သွယ်ဆောင်ရွက်ရမည်။

( စ) ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီ မှ လုပ်ငန်းကိစ္စရပ်များ အပေါ် အဆင်ပြေပြေ အဆုံးအဖြတ် ပြုနိုင်ရေးအတွက် အထောက်အကူ ပြုရမည်။